# ရခိုင်ဘုရင်များလက်ထက် ရာထူးဌာနန္တရဆိုင်ရာ ဝေါဟာရများ

နီနီခိုင်*

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် ရခိုင်ဘုရင်များလက်ထက် အုပ်ချုပ်မှုယန္တရားအောက်တွင်ရှိသော ရာထူးဌာနန္တရများကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ဤသို့လေ့လာတင်ပြရာတွင် ရခိုင်ရာဇဝင်ဆိုင်ရာ စာပေကျမ်းများ၊ မော်ကွန်းစာများ၊ရခိုင်ဘုရင်တို့၏ အမိန့်တော်ပြန်တမ်းများ ၊ ရခိုင်ဘုရင်တို့လက်ထက် ညီလာခံသဘင်မှတ်တမ်းများ၊ ခေတ်ပြိုင်သမိုင်းမှတ်တမ်းများ၊ ကမ္ပည်းကျောက်စာများကို ကိုးကား၍ ဖော်ထုတ် တင်ပြထားပါသည်။ ဤစာတမ်းတွင်ရခိုင်ဘုရင်များလက်ထက် အုပ်ချုပ်မှုယန္တရား၏ အဓိက ကျသောရာထူးဌာနန္တရဆိုင်ရာဝေါဟာရ ၉၆ မျိုး ကို လေ့လာတင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ**။ ။ ဘုရင် (မင်း ) ၊ ဗဟိုအုပ်ချုပ်ရေး ၊ ရာထူးဌာနန္တရ ၊ ဝေါဟာရ အမိန့်တော် ပြန်တမ်း ၊ ညီလာခံ ၊ ကျောက်စာ၊ ရခိုင်ရာဇဝင်စာပေ။

## ၁။ နိဒါန်း

ဤစာတမ်းသည် ရခိုင်ဘုရင်များလက်ထက် အုပ်ချုပ်ရေးယန္တရားအောက်တွင်ရှိသော ရာထူးဌာနန္တရများကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ မြန်မာစာပေတွင် မြန်မာဘုရင်များလက်ထက် ရာထူးဌာနန္တရများ၏ ဝေါဟာရများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များရှိသကဲ့သို့ ရခိုင်ရာဇဝင်စာပေတို့တွင်လည်း ရာထူးဌာနန္တရ ဝေါဟာရများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များရှိပါသလား။ ရခိုင်ဘုရင်၏ ဗဟိုအုပ်ချုပ်မှုအောက်တွင် မည်သည့်ရာထူးဌာနန္တရများ ရှိခဲ့သနည်းဟူသော သုတေသနပြဿနာ မေးခွန်းများကို အဖြေရှာနိုင်ရန်အတွက်ဤစာတမ်းကို ရေးသားရခြင်းဖြစ်ပါသည်။

ဤစာတမ်းတွင် ရခိုင်ဘုရင်များလက်ထက် ဗဟိုအုပ်ချုပ်မှုအောက်တွင်ရှိသော အရေးပါသည့် ရာထူး ဌာနန္တရတို့ကို နယ်ပယ်အလိုက်စုစည်း၍ လေ့လာတင်ပြထားပါသည်။ရခိုင်ဘုရင်များ၏ အုပ်ချုပ်မှုအောက်တွင်

၁။ အုပ်ချုပ်ရေးဆိုင်ရာ ရာထူးဌာနန္တရ ဝေါဟာရများ

၂။ စစ်ဘက်ဆိုင်ရာ ရာထူးဌာနန္တရ ဝေါဟာရများ

၃။ အခြားဌာန ဆိုင်ရာ ရာထူးဌာနန္တရ ဝေါဟာရများ ကိုလေ့လာတွေ့ရှိရပါသည်။

ဤစာတမ်းကို ရခိုင်သမိုင်းဆိုင်ရာ ရာဇဝင်ကျမ်းများ၊ ပြည်တွင်းပြည်ပပညာရှင်တို့၏ သုတေသန ပြုထားသည့် စာအုပ်မှတ်တမ်းများ၊ ခေတ်ပြိုင်ကမ္ပည်းကျောက်စာများ၊ ဘုရင့်အမိန့်တော် ပြန်တမ်းများ၊ ကဗျာလင်္ကာမော်ကွန်းများကို တတ်စွမ်းသမျှ အထောက်အထားပြုကိုးကား၍ လေ့လာတင်ပြထား ပါသည်။ ရာထူးဌာနန္တရ ဝေါဟာရများသည် ရခိုင်မင်းနိုင်ငံ အုပ်ချုပ်မှုယန္တရား၏ ဖွဲ့စည်းပုံတွင် ပါဝင်ပါ သည်။

* မြန်မာစာဌာန၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်

ထို့ကြောင့် စုဆောင်းရရှိသော ရာထူးဌာနန္တရဝေါဟာရများကို ရခိုင်ဘုရင့်နိုင်ငံ၏ ရာထူးအဆင့် အတန်းအလိုက် ကြီးစဥ်ငယ်လိုက်စဥ်ခြင်း၊ နယ်ပယ်အလိုက်စဥ်ခြင်းတို့ဖြင့်စဥ်၍ လေ့လာတင်ပြထား ပါသည်။

## ၂။ စာပေလေ့လာဆန်းစစ်ချက်

မြန်မာစာပေတွင် မြန်မာဘုရင်များလက်ထက်၌ ခန့်အပ်ခဲ့သော ရာထူးဌာနန္တရတို့၏ ဝေါဟာရ များကို အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ သုတေသနပြုချက်များကို လေ့လာဖတ်ရှုကြည့်သောအခါ အောက်ပါ စာပေကျမ်းများကို တွေ့ရပါသည်။

ထီးသုံးနန်းသုံးဝေါဟာရတို့၏ အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်းဖွင့်ဆိုပြထားပြီး အဘိဓာန်အဖြစ် ပြုစုထားသော ကျမ်းတစ်စောင်မှာ ၁၉၇၅ ခုနှစ်တွင် ထုတ်ဝေသော အငြိမ်းစားဝန်ထောက်မင်း ဦးမောင်မောင်တင် K.S.M, A.T.M ရေးသားပြုစုခဲ့သည့် ရွှေနန်းသုံးဝေါဟာရအဘိဓာန်ဖြစ်ပါသည်။ ဤကျမ်းတွင်ရွှေနန်းသုံး ဝေါဟာရ (၄၁၈)မျိုးကိုဖွင့်ဆိုထားပါသည်။ဖွင့်ဆိုရှင်းလင်းရာတွင် ရွှေနန်းတော် နှင့်သက်ဆိုင်သော ရာထူးဌာနန္တရတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ တာဝန်နှင့်ကျင့်ဝတ်၊ အရည်အချင်း၊ ဝတ်စားဆင်ယင်ပုံနှင့် အဆောင်အယောင်တို့ကို ဖော်ပြရေးသားထားသည်ကို တွေ့ရပါသည်။

ထို့ပြင် ဒေါက်တာရီရီ (၁၉၇၄) ၏ သုတေသနအဘိဓာန်မှတ်စု၊ ဦးသိန်းလှိုင် (၂၀၁၁) ၏ ခေတ်ဟောင်း မြန်မာ့သမိုင်းသုတေသနအဘိဓာန်ကျမ်းတို့တွင်လည်း ထီးသုံးနန်းသုံးဝေါဟာရများ၊ ရာထူးဌာနန္တရဝေါဟာရများ ကို ရှင်းလင်းဖွင့်ဆိုထားသည်ကိုတွေ့ရပါသည်။

မဟာဝိဇ္ဇာကျမ်း (မြန်မာစာ) အနေဖြင့် မောင်မြင့်သန့်(၁၉၆၁) ၏ ရခိုင်ဘာသာစကားသမိုင်း စစ်တမ်း ကျမ်းတွင် ရခိုင်ဘုရင့်နိုင်ငံ၏ ရာထူးဌာနန္တရအချို့ကို အဓိပ္ပာယ်ဖွင့်ဆို၍ ရှင်းလင်းချက်များ ရေးသားထားသည်ကို တွေ့ရပါသည်။

ပါရဂူ(သမိုင်း) ကျမ်းတစ်စောင်ဖြစ်သည့် ZAW LYNN AUNG(2015) ၏ A STUDY OF MIN RAZAGRI SATAM ကျမ်းတွင်လည်း ရခိုင်ဘုရင်လက်ထက် ရာထူးဌာနန္တရဝေါဟာရများကို အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။ ဤကျမ်း၏ ဝေါဟာရရှင်းလင်းချက်တွင် မင်းရာဇာကြီးစာတမ်း၌ တွေ့ရသော ရခိုင်ဘုရင်များလက်ထက် ရာထူးဌာနန္တရဝေါဟာရတို့ကို အဓိပ္ပာယ်ဖွင့်ဆိုပြထားသည်ကို တွေ့ရပါသည်။

အထက်ပါစာအုပ်များ၊ သုတေသနကျမ်းများကို ဖတ်ရှုလေ့လာကြည့်သောအခါ မြန်မာဘုရင် များလက်ထက်နှင့် ရခိုင်ဘုရင်များလက်ထက်ရာထူးဌာနန္တရဝေါဟာရများကို စိတ်ဝင်စားဖွယ် တွေ့ရပါ သည်။ ထို့ကြောင့်ရခိုင်ဘုရင်များလက်ထက် ရာထူးဌာနန္တရဝေါဟာရများကို လေ့လာတင်ပြရန် လိုအပ် သည်ဟု ထင်မြင်ယူဆမိပါသည်။

ရာထူးဌာနန္တရဝေါဟာရတို့နှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ရှင်းလင်းချက်များ ပါဝင်သောစာပေများကို ဆက်လက်လေ့လာကြည့်သောအခါ ရခိုင်စာပေသုတေသီ အသျှင်စက္ကိန္ဒ၏ ရခိုင်ဇာတိဝံသ မော်ကွန်းစာ (၁၉၇၃-၇၄) ကိုတွေ့ရပါသည်။ ဤမော်ကွန်းစာတွင် ရခိုင်ဘုရင်များ

လက်ထက်၌ ခန့်အပ်ခဲ့သော ရာထူးဌာနန္တရအချို့ကို အနက်ဖွင့်ဆိုခြင်း၊ ရာထူးတို့၏တာဝန်များကိုပါ ဆက်စပ်ဖော်ပြထားခြင်းတို့ကို တွေ့ရ ပါသည်။

ထို့ပြင် ရခိုင်စာပေများဖြစ်သော တက်ထွန်းနီ (၁၉၉၆) ၏ မြောက်ဦးခေတ် ညီလာခံသဘင်ဆောင်းပါး၊ မခင်သန်း(၂၀၁၉)၏ မြောက်ဦးခေတ်အုပ်ချုပ်ရေးကျမ်း၊ အောင်လှသိန်း(၂၀၁၉)၏ ရခိုင်သမိုင်းအဘိဓာန်အကျဉ်း ကျမ်းတို့တွင်လည်း ရာထူးဌာနန္တရဝေါဟာရအချို့ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း တို့ကိုတွေ့ရပါသည်။

## ၃။ နည်းနာ

ဤစာတမ်းတွင် ပညာရပ်ဆိုင်ရာနည်းနာနှင့်ပတ်သက်၍ ဝေါဟာရ၊ ရာထူး၊ ဌာနန္တရတို့၏ အဓိပ္ပာယ် ဖွင့်ဆိုချက်သီအိုရီ တို့ကို အခြေခံ၍ လေ့လာတင်ပြထားပါသည်။

မြန်မာအဘိဓာန် ( ၁၉၉၁)တွင် ဝေါဟာရ ကို

အခေါ်အဝေါ် ။ (စာ ၃၅၇ )

ဟုလည်းကောင်း ၊ ရာထူးကို

အစိုးရခန့်အပ်သောအလုပ်တာဝန်အဆင့် ။ (စာ ၃၀၄ )

ဟုလည်းကောင်း ဖော်ပြထားပါသည်။

ဌာနန္တရ ကို ဦးဟုတ်စိန်(၁၉၅၄) ၏ ပါဠိ-မြန်မာအဘိဓာန်တွင် -

အရာတစ်ပါး၊ အရာအထူး ။ (စာ ၄၂၄ )

ဟု ဖော်ပြထားပါသည်။

ထို့ကြောင့် ဝေါဟာရဆိုသည်မှာ အခေါ်အဝေါ်၊ စကားလုံးဖြစ်ပြီး ရာထူးဌာနန္တရဆိုသည်မှာ ရာထူး၊ ခန့်အပ်ထားသောအလုပ်တာဝန်အဆင့် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

သုတေသနနည်းနာနှင့်ပတ်သက်၍ အချက်အလက်များကို ကောက်ယူစုဆောင်းရာတွင် ဒေါက်တာ အောင်မြင့်ဦး (၂၀၁၈)၏ သုတေသနဟူသည် စာအုပ်တွင် ဖော်ပြထားသည့် Dr.Yogesh Kumar Singh ၏ သုတေသနနည်းပညာ စာအုပ်ထဲမှ ခွဲခြမ်းစိတ်ဖြာဆန်းစစ်နည်း၊ အဆင့်သတ်မှတ်သည့် နည်းတို့ကို အသုံးပြုထားပါသည်။

## ၄။ ရခိုင်ဘုရင်များလက်ထက် ရာထူးဌာနန္တရဆိုင်ရာ ဝေါဟာရများ

ရခိုင်ဘုရင်များ၏အုပ်ချုပ်မှု ယန္တရားအောက်တွင် အုပ်ချုပ်ရေးရာထူးများ၊ စစ်ဘက်ရာထူးများ၊ ဌာနဆိုင်ရာ ရာထူးများကိုတွေ့ရပါသည်။ ဤစာတမ်းတွင် အထက်ပါ ရာထူးများ၏ ဝေါဟာရများကို လေ့လာတင်ပြထားပါသည်။

## ၄၊ ၁။ အုပ်ချုပ်ရေးဆိုင်ရာ ရာထူးဌာနန္တရဝေါဟာရများ

ရခိုင်ဘုရင်တို့သည် မဏ္ဍလ (ခေါ်) ဗဟိုအုပ်ချုပ်ရေးကို ကျင့်သုံးကြသည်။ အုပ်ချုပ်ရေး၏ အဓိကမဏ္ဍိုင်ကို ဘုရင်ကချုပ်ကိုင်ထားပြီး ဘုရင်၏လက်အောက်တွင် အိမ်ရှေ့မင်းနှင့် အမတ်ကြီး ၄ ပါး တို့ပါရှိသည်။

ဦးစွာဘုရင်၏ရာထူးကို လေ့လာတင်ပြထားပါသည်။ ရခိုင်မင်းတို့ကိုဘုရင်ဟုလည်း ခေါ်ဝေါ် သုံးစွဲသည်။ ဘုရင်ကို ဦးသိန်းလှိုင်၏ ခေတ်ဟောင်းမြန်မာ့သမိုင်းသုတေသနအဘိဓာန် (၂၀၁၁ ) တွင် -

"တိုင်းနိုင်ငံကို အစိုးရသော မင်းကြီး" (စာ ၁၁၅)

ဟု ဖွင့်ဆိုထားပါသည်။

ကေရာဇ်မင်းမြတ်ကို ဦးမောင်မောင်တင် ၏ ရွှေနန်းသုံးဝေါဟာရအဘိဓာန်(၁၉၇၅)တွင် -

မင်းကေရာဇ်ဟူသည်မှာ - အတုမရှိမြတ်သော မင်းဆိုလိုသည့်အဓိပ္ပာယ် ယူရမည်ဟူ၍ ရာဇသေဝက ဒီပနီကျမ်းက ဆိုသည်။ (စာ ၁)

ဟု ဖွင့်ဆိုထားပါသည်။

ရခိုင်ကျောက်စာတို့တွင် မင်း(ဘုရင်) ဟူသော ဝေါဟာရနှင့်ပတ်သက်သော စကားအသုံးအနှုန်း များကိုတွေ့ရပါသည်။ ဦးဦးသာထွန်း၊ ဦးကျော်ထွန်းအောင် (၂၀၁၇) ၏ ရခိုင်ကျောက်စာပေါင်းချုပ် စာအုပ်တွင် လည်း အောက်ပါအတိုင်းတွေ့ရပါသည်။

မင်းပြားမြို့၊ ကလုံတောင်ဘုရားကျောက်စာ (ယခုမြောက်ဦးမြို့ရှေးဟောင်းသုတေသနပြတိုက် ) တွင် -

ဘဝရှင်မင်ပင်၏သာတောကြိဖြစ်(သောဘ)ဝရှင်မင်းတိခါ၏ သာတောအလတ်ဖြစ်သော။ (ကြောင်းရေ ၂)

ဟုလည်းကောင်း ၊ သက္ကရာဇ်(၉၅၅) တွင်ရေးထိုးထားသော မင်းရာဇာကြီးကျောက်စာ(မြောက်ဦးမြို့ ရှစ်သောင်း ဒုတိယအာရုံခံသိမ်ရှေ့)တွင် -

နရာဓိပဓိရွှေနန်းသျှင်မိန့်တော်မူသော။ (ကြောင်းရေ ၂)

ဟုလည်းကောင်း၊ သက္ကရာဇ် (၉၇၁) တွင်ရေးထိုးထားသော ချတွင်းကျိုင်ကျောက်စာ(မြောက်ဦးမြို့ ၊ ပန်းစျေးမြောင်ရှိ ချတွင်းကျိုင်)တွင် -

ရွှေနန်း..... နီသခင်ဘဝသျှင်နရာဓိပတိ မိတော်မူသော။(ကြောင်းရေ ၅ - ၆)

ဟု လည်းကောင်း၊ မင်းခမောင်းကျောက်စာ (မြောက်ဦးမြို့၊ မြက်ရိပ်ကျွန်းဘုရား)တွင်-

ရွှေနန်းသခင်၊ ဆင်ဖြူသခင်၊ ဆင်နီသခင် သျှင်ဘဝသျှင် ဝရဓမ္မရာဇာ။ (ကြောင်းရေ ၂-၄)

ဟုလည်းကောင်း ရေးထိုးထားသည်ကို တွေ့ရပါသည်။

ဤကျောက်စာတို့တွင် မင်းကိုဘဝရှင်၊ နရာဓိပတိရွှေနန်းရှင်၊ရွှေနန်းသခင်၊ ဆင်ဖြူသခင် ဆင်နီသခင်ဘဝရှင်ဟု သုံးနှုန်းရေးထိုးထားသည်ကို တွေ့ရပါသည်။ဘုရင်သည် တိုင်းပြည်၏ အကြီးဆုံးရာထူးဖြစ်သည်။ ရခိုင်ဘုရင်တို့ကို ရက္ခာဓိပတိ၊ နရာဓိပတိဟုလည်း တင်စားခေါ်ဝေါ်ကြသည်။

ရခိုင်ကျောက်စာများနှင့်ရခိုင်ရာဇဝင်တို့တွင် တွေ့ရသော မင်းတို့၏ဘွဲ့တော်တို့ကို မခင်သန်း (၂၀၁၉)၏ မြောက်ဦးခေတ်အုပ်ချုပ်ရေးကျမ်း တွင် ဖော်ပြထားသည်မှာ -

> သီရိသုရိယဓမ္မမဟာရာဇာ၊ ရာဇာရက္ခဓိပတိ၊ စက္ကဒေဝနရာဓိပတိ၊ ဘဝသျှင် နရာဓိပတိ၊ ဆင်ဖြူသခင်၊ ဆင်နီသခင်ဘဝသျှင် ဝရဓမ္မဓိပတိ၊ မြို့ကြိခိမိုဝ်အစိုးရသော မင်းဟုတွေ့ရပါသည်။ ဤမင်းတို့၏ ဘွဲ့တော်များမှာ အဆုံးမရှိသော အာဏာတော်ကိုပိုင်သော မင်းများဖြစ်ကြောင်း ဖော်ပြပါသည်။ (စာ ၃၈)

ဟူ၍ ဖြစ်ပါသည်။

ဘုရင်မင်းမြတ်၏လက်အောက်တွင် အိမ်ရှေ့မင်း (အိမ်ရှေ့ဥပရာဇာ) ရှိသည်။ အိမ်ရှေ့မင်းကို ဦးမောင်မောင်တင် (၁၉၇၅)၏ ရွှေနန်းသုံးဝေါဟာရအဘိဓာန်တွင် -

> ဥပရာဇာဟူသော ဝစနတ္ထနှင့်အညီ ရေမြေသေဌ်နင်း မင်းအဖြစ်၏အနီး၌ တည်တတ်သောကြောင့် ဥပရာဇာမည်၏။ (စာ ၈)

ဟု ဖွင့်ဆိုထားပါသည်။

အိမ်ရှေ့မင်းကိုထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)(၂၀၁၃)၏ ရခိုင်မဟာရာဇဝင်ကြီးကျမ်းတွင် -

> အိမ်ရှေ့မင်းသည် ဘုရင်ပြီးနောက် အရေးကြီးဆုံးအာဏာပိုင်ဖြစ်ပြီး နန်းလျာ ဥပရာဇာဖြစ်ရာ ထီးရိုးနန်းရိုးအစဉ်အလာအရ သားတော်ကြီးသာဖြစ်လေ့ရှိသည်။ မြောက်ဦးခေတ်ဘုရင်များသည် ၎င်းတို့ကိုယ်တိုင် သာကီနွယ်ဖွားဟု ယူဆပြီးဆက်ခံမည့် နန်းလျာကိုလည်းသာကီမင်း အနွယ်မှ ဆင်းသက်လာသော မိဖုရားခေါင်ကြီးမှ မွေးဖွားလာသည့်သားတော်ကြီးကိုသာ ခန့်ထားကြသည်မှာ တင်းကြပ်သော နန်းဓလေ့အစဉ်အလာပင်ဖြစ်သည်။ မိဖုရားငယ်နှင့်ကိုယ်လုပ်တော်တို့မှ မွေးဖွားလာသူကို မျိုးနွယ်အဆင့်အတန်းအလိုက်ဘုရင်ခံ၊ နယ်စား၊ ရွာစား စသည်ဖြင့် ခန့်အပ် တာဝန်ပေးလေ့ရှိသည်။ (စာ ၃၇၄)

ဟုဖော်ပြထားပါသည်။

မင်းဖလောင်းလက်ထက်တွင် အိမ်ရှေ့မင်းရာထူးကို အခြားဘုရင်များထက် ထူးခြားစွာ အိမ်ရှေ့ဘုရင်ဟူ၍ အပ်နှင်းခဲ့ပါသည်။

ရခိုင်ရာဇဝင်ကြီး (၅-ကျော)တွင် -

သားတော်ကြီးအိမ်ရှေ့မင်းအားလည်း အိမ်ရှေ့ဘုရင်အဖြစ် ပေးခဲ့ဖူးသည်။(ကြောင်းရေ ၃)

ဟု လည်းကောင်း၊

> ဘုရင်အဖြစ်ရာထူးတိုးမြှင့်ရာတွင် များစွာသော ဆင်မြင်းလက်နက် ကိရိယာ၊ ကျေးရွာ၊ ခရိုင်တို့ကို ပိုင်းခြားဆောင်နှင်းတော်ပြု၍ အိမ်ရှေ့ဘုရင်ဟုလည်းကောင်း များစွာသော ဆင်မြင်းရဲမတ်ဗိုလ်ပါနှင့်တကွ အနောက်တရိုးကို ဆောင်နှင်းတော်မူပြီး အနောက်ဘုရင်ဟု လည်းကောင်း ချီးမြှင့်မြှောက်စားသည်ကိုတွေ့ရ၏။ (ကြောင်းရေ ၄-၆)

ဟုလည်းကောင်းဖော်ပြထားပါသည်။

စစ်တကောင်းစားကို အနောက်ဘုရင်ဟုလည်း ခေါ်ဝေါ်ကြောင်း ရခိုင်မဟာရာဇဝင်ကြီး ကျမ်းတွင်ဖော်ပြထားပါသည်။

အနောက်ဘုရင်ကို ZAW LYNN AUNG (2015)၏ A STUDY OF MIN RAZARGRI SATAM တွင် -

> ရခိုင်ဒေသ၏ အနောက်ဘက်ဘင်္ဂလားဒေသ အထူးသဖြင့်စစ်တကောင်းဒေသကို အုပ်စိုးရသော ရခိုင်ဘုရင်၏ ဘုရင်ခံ။ (စာ ၁၂၅)

ဟု ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် မြောက်ဦးခေတ်ရခိုင်ဘုရင်များလက်ထက် အနောက်ဘုရင်ဆိုသည်မှာ ဘုရင်၏ သားတော် တစ်ပါးဖြစ်ပြီး ဘင်္ဂါ ၁၂ နှစ်မြို့ကို အနီးကပ်ကြပ်မတ်အုပ်ချုပ်ရသူ၊ သာသနာပြန့်ပွားရေး ကိုပါ အောင်မြင်အောင် ဆောင်ရွက်နိုင်သူဖြစ်ကြောင်း သိရှိရပါသည်။

ဤဘုရင်ငယ် ၁၂-ပါးကို ဘုရင့်သားတော်နှင့်ဆွေတော် မျိုးတော်တို့ကို ခန့်ထားလေ့ရှိသည်။

တစ်ဖန်အိမ်ရှေ့မင်း၏လက်အောက်တွင်တိုင်းပြည်၏အရေးပါသောမှူးမတ်ကြီး(၄)ပါး ရှိကြောင်းကို ရခိုင်မဟာရာဇဝင်ကြီးကျမ်းတွင် -

> အိမ်ရှေ့ဥပရာဇာပြီးလျှင် ကိုယ်ရံကြီး၊ ပြည်စိုးကြီး၊ ဆင်ကဲကြီး၊ ဓားပိုင်ကြီးဟူ၍ အမတ်ကြီး ၄-ပါးရှိသည်။ ၎င်းတို့အနက်ကိုယ်ရံကြီးမှာ ဘုရင်၏ကိုယ်စား တိုင်းပြည် ကို အုပ်ချုပ်ကွပ်ကဲရသူ ဖြစ်သည် ။ဥပရာဇာပြီးလျှင် တတိယမြောက် ဩဇာအရှိဆုံး ဖြစ်သည်။ (စာ ၃၇၅)

ဟု ဖော်ပြထားသည်။

ကိုယ်ရံကြီးကို ဒေါက်တာရီရီ (၁၉၇၄)၏ သုတေသန အဘိဓာန်မှတ်စုတွင် -

> ကိုယ်ရံကြီးအမတ်ဆိုသည်မှာ မင်းဧကရာဇ်၏ ကိုယ်ရံခြံရံစောင့်ရှောက်ရသူ။
>
> (စာ ၁၅၂-၁၅၃)

ဟု ဖွင့်ဆိုထားသည်။

ကိုယ်ရံကြီးကို အသျှင်စက္ကိန္ဒ (၁၉၇၃-၇၄)၏ ရခိုင်ဇာတိဝံသမော်ကွန်းစာတွင် -

> ထုံးဟောင်းသက်သေ ဥပဒေဝတ္တရာဇဝင်စကားရပ်များကို မင်းနားနေ၍ ကောင်းစွာ ပြောတတ်သောကြောင့် ကိုယ်ရံကြီးဟု ဘွဲ့ထားလေသည်။ (စာ ၁၃၉)

ဟု ဖွင့်ဆိုဖော်ပြထားလေသည်။

ထို့ကြောင့် "ကိုယ်ရံကြီး" ဆိုသည်မှာ တိုင်းပြည်၏ တတိယအရေးအပါဆုံး ပုဂ္ဂိုလ်ဖြစ်ပြီး ဘုရင်ကိုယ်စား တိုင်းပြည်ကို ကွပ်ကဲအုပ်ချုပ်ရသူ၊ ရှေးထုံးဟောင်းအစဉ်အလာများကို တတ်ကျွမ်းသူဖြစ်၍ ဘုရင့်အနားတွင် ခစားနေထိုင်ရသူ၊ ဘုရင့်တပ်တော်ကို ကြီးကြပ်ရသူ၊နန်းတော်ကို စောင့်ရှောက်ကြီးကြပ်ရသူ ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်စိုးကြီးကို ရခိုင်မဟာရာဇဝင်ကြီးကျမ်းတွင် -

> ပြည်စိုးကြီးအမတ်သည် ဘုရင်ခရီးသွားခိုက် တိုင်းပြည်ကိုအပ်နှင်း အုပ်ချုပ်ကွပ်ကဲရသူဖြစ်သည်။ သာမန်အချိန်တွင် တရားသူကြီးအဖြစ် တရားစီရင်ရသူ ဖြစ်သည်။ (စာ ၁၇၅)

ဟု ဖော်ပြထားပါသည်။

ပြည်စိုးကြီးကို အသျှင်စက္ကိန္ဒ (၁၉၇၃-၇၄)၏ ရခိုင်ဇာတိဝံသမော်ကွန်းစာတွင် -

> ရေမြေရှင်ဘုရင်မင်းမြတ်သည် စုံရာအခြားတစ်ပါးအရပ်သို့သွားသည့် ကာလ တိုင်းပြည်ကို အပ်ထားခဲ့လေသောကြောင့် ပြည်စိုးကြီးမင်းဟု မင်းကသမုတ် ခေါ်ဝေါ်သည်။
>
> (စာ ၁၃၉)

ဟု ဖော်ပြထားပါသည်။

ဆင်ကဲကြီးရာထူးချီးမြှင့်ခြင်းကို ရခိုင်ဇာတိဝံသမော်ကွန်းစာတွင် -

> မင်းသုံးဆင်ဖြူတော်အပေါင်းအစရှိသော ဆင်ထိန်းတို့အပေါင်း၌ အုပ်စိုးရန် ပေးအပ်သောကြောင့် ဆင်ဝန်ကြီးအရာကို မင်းကဘွဲ့တော်ချီလေသည်။ (စာ ၁၃၉)

ဟု ဖော်ပြထားပါသည်။

ထို့ကြောင့် ဆင်ကဲကြီးရာထူးသည် ဘုရင့်ဆင်တော်တပ်နှင့် ဆင်တော်တပ်အမှုထမ်းတို့အား ကြီးကြပ်ရသူ ဖြစ်ကြောင်း သိရှိရပါသည်။

တစ်ဖန် ဓားပိုင်ကြီးရာထူးနှင့်ပတ်သက်၍ ရခိုင်မဟာရာဇဝင်ကြီးကျမ်းတွင် -

> ဓားပိုင်ကြီးအမတ်သည် တရားသူကြီးတာဝန်ကို အဓိကထမ်းဆောင်ရသည်။ တရားစီရင်ရာတွင် သေဒဏ်အထိ ချမှတ်ဆုံးဖြတ်နိုင်သည်။ သို့သော် ဘုရင်မင်းမြတ်ထံ အယူခံဝင်ရောက်ပြီး အတည်ပြုချက်ရယူပြီးမှ အတည်ဖြစ်ကြောင်း တွေ့ရသည်။ တရားရေးရာတွင် မင်းတိုင်ပင်အမတ် သုခမိန်ဖြစ်သည်။ ဓားရေး၊ လှံရေး၊ ကာရေး၊ ဓားသိုင်းအတတ်ပညာများကို ပိုင်နိုင်ကျွမ်းကျင်တတ်မြောက်သောကြောင့် ဓားပိုင်ကြီးဟုခေါ်ကြောင်း သိရသည်။ (စာ ၃၇၆)

ဟုရေးသားထားပါသည်။

ခေးပိုင်ကြီး အမတ်ကို ဟဇရားကြီး ဟုလည်းခေါ်ကြောင်း အသျှင်စက္ကိန္ဒ (၁၉၇၃-၇၄)၏ ရခိုင်ဇာတိဝံသမော်ကွန်းစာတွင် -

> တိုင်းပြည်အခမ်းအနား အတ္ထုပ္ပတ္တိအကြောင်းရပ်တို့ကို မင်းမှစ၍နှောရသည့်အတွက်ကြောင့် ဟဇရားကြီးဟူ၍ ရေမြွေသျှင်မင်းမြတ်က ဘွဲ့တော်တင်ရလေသည်။ (စာ ၁၃၉)

ဟု ဖော်ပြထားပါသည်။

ထို့ကြောင့် ခေးပိုင်ကြီးသည် တိုင်းရေးပြည်ရေးများကို ဘုရင်က နှီးနှောတိုင်ပင်ရသူနှင့် တရားရေးရာကိစ္စများ၌ ပညာရှိအမတ်အဖြစ် ဆောင်ရွက်ရသူ၊ ခေးပိုင်ဆိုင်သူဟု အဓိပ္ပာယ်ရသည်။ ခေးပိုင်ကြီးသည် တရားရေးရာ၌ သေဒဏ်ပေးပိုင်ခွင့်အာဏာပိုင်ဆိုင်သူဖြစ်သည်။ ရခိုင်ရာဇဝင်တို့တွင် "ခေးပိုင်ကြီး၊ ခေးပိုင်၊ ခေးပိုင် တာနော၊ ဟဇရာကြီး" ဟူ၍ တွေ့ရသည်။

ရခိုင်ဘုရင့်နိုင်ငံတော်တွင် ဘုရင်၏အုပ်ချုပ်ရေး၌ အမတ်ကြီးလေးဦးရှိကြောင်းကို ဦးတင်လှ (၁၉၇၁)၏ မြန်မာမင်းများအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရား၏ ရာဇသတ်ကြီးခေါ် အမိန့်တော်ကျမ်းကြီးတွင် -

> မင်းရာဇာကြီးလက်ထက် ရခိုင်နိုင်ငံမှာလည်း ပြည်ထဲရေးကို အုပ်ချုပ်စေသည့် ကိုယ်ရံကြီး၊ ပြည်စိုးကြီး၊ ဆင်ကဲကြီး၊ ခေးပိုင်ကြီးဟူ၍ အမတ်လေးဌာနခြားလေ့ရှိသည်။
>
> (စာ ၁၇၉)

ဟု ဖော်ပြပါရှိပါသည်။

အမတ်ကြီးလေးပါး၏ လက်အောက်တွင် အရေးပါသော အုပ်ချုပ်ရေးအဖွဲ့မှာ ဝင်းလေးဝင်းဖြစ်သည်။ ဝင်းဟုန်လေးတိုင်ဟုလည်းခေါ်သည်။ အရှေ့ဝင်းဟုန်၊ အနောက်ဝင်းဟုန်၊ တောင်ဝင်းဟုန်နှင့် မြောက်ဝင်းဟုန်တို့ ပါရှိသည်။ ဝင်းဟုန်တစ်ရပ်စီတွင် ဝင်းမှူးတစ်ဦးစီကို ခန့်ထား၍အုပ်ချုပ်စေသည်။ ဝင်းသားများကို ဝင်းစုသားဟု ခေါ်သည်။

ရခိုင်မဟာရာဇဝင်ကြီးကျမ်းတွင် မင်းဖလောင်း(အေဒီ ၁၅၇၁-၁၅၉၄)လက်ထက် ညီလာခံကျင်းပပုံကို ဖော်ပြရာ၌ အုပ်ချုပ်ရေးရာထူးတို့နှင့်တာဝန်တို့ကိုပါ ဖော်ပြထားသည်ကို တွေ့ရသည်။

> နေ့စဉ်ကျင်းပသော ညီလာခံသဘင်ကို လက်ဝဲရှစ်တိုင်၊ လက်ယာရှစ်တိုင်၊ လက်ဝဲသင်းရှစ်ယောက် လက်ယာသင်းရှစ်ယောက်တို့နှင့် ကျင်းပကြသည်။ လက်ဝဲအမတ် ရှစ်တိုင်တွင် ဆင်ဝန်ကြီး၊ တောင်ဘက်မင်းကြီး၊ မြောက်ဝင်းဟုန်မှူး၊ မြောက်ဘက်မင်းကြီး၊ ကိုယ်ရံကြီး၊ တောင်ဝင်းဟုန်မှူး၊ လက်ဝဲမြန်အမတ်၊ မင်းရှေ့တော်ခံတို့ပါဝင်သည်။ လက်ယာရှစ်တိုင် အမတ်များတွင် ပြည်စိုးကြီး၊ ဟဇရားကြီး၊ အနောက်ဘက် မင်းကြီး၊ အနောက်ဝင်းဟုန်မှူး၊ ရွှေစာဖတ်၊ အိမ်ရှေ့မင်း၊ အရှေ့ဝင်းဟုန်မှူး၊ လက်ယာမြန်အမတ်တို့ပါဝင်ကြသည်။ လက်ဝဲသင်းရှစ်ယောက်တွင် ပြင်ကိုယ်တော်ရံ၊ ပေါက်ထိန်း၊ နောက်တော်ပါ၊ သံတောင်စား၊ မဲဆိုးစား၊ မထိန်း၊ ပန်းကျားသည်၊ လမျည်း (လမိုင်း)တို့ ပါဝင်ကြသည်။ လက်ယာသင်း ရှစ်ယောက်တွင် ကိုယ်လုပ်တော်၊ အတွင်းကိုယ်တော်ရံ၊

ပြည်တိုင်၊ စဖိုသည်၊ လက်တော်ရှိ၊ ဘဏ္ဍာစိုး၊ ဝါးတောင်စား၊ စားဦးစားတို့ ပါဝင်သည်။ (စာ ၃၂၂)

ဟု ဖော်ပြထားပါသည်။

ဝင်းဟုန်လေးရပ်၏ တာဝန်ကို အသျှင်စက္ကိန္ဒ (၁၉၇၃-၇၄)၏ ရခိုင်ဇာတိဝံသမော်ကွန်းစာ တွင် -

တိုင်းပြည်ခရိုင်နိုင်ငံလေးရပ် ရှစ်ရပ်အတွင်း၌ ရန်စူးရန်ငြောင့်များ မပေါ်ထွက်ရအောင် စီရင်တတ်သောကြောင့် ဝင်းဟုန်လေးတိုင်သည် ပြည်ကြီး ပခုံးကြီး လက်ရုံးကြီးနှင့် တူ၏။ (စာ ၁၃၉)

ဟုဖော်ပြထားပါသည်။

ဝင်းဟုန်လေးရပ်ကဲ့သို့ အုပ်ချုပ်ရေး၏ အလွန်အရေးပါသော ရာထူးများမှာ 'လက်ဝဲမြန် လက်ယာမြန် အမတ်' ရာထူးများဖြစ်သည်။

လက်ဝဲမြန်၊ လက်ယာမြန်ရာထူးနှင့်တာဝန်ကို ရခိုင်ဇာတိဝံသမော်ကွန်းစာတွင် -

မင်းတို့၏ အဌလီအထွက်အဝင်တို့၌ ကြိုဆိုရသော လက်ဝဲမြန်၊ လက်ယာမြန် အမတ်ကြီးနှစ်ယောက်၊ အမှုကြီးငယ်စကားစုတို့ကို လျင်မြန်စွာ မင်းထံ၌ခရီးဦးကြို ပြောဆိုတတ်သောကြောင့် လက်ယာမြန်၊ လက်ဝဲမြန်ဟု ခေါ်ရလေသည်။ (စာ ၁၃၉)

ဟု ဖွင့်ဆိုထားပါသည်။

လက်ဝဲသင်း၊လက်ယာသင်း အမတ်ကိုမြောက်ဦးမဂ္ဂဇင်း (၁၉၉၆)မှတက်ထွန်းနီ၏ မြောက်ဦးခေတ် ညီလာခံသဘင် ဆောင်းပါးတွင် -

ညီလာခံတွင် လက်ဝဲလက်ယာခွဲခြား ထိုင်ရသော အမတ်များ။ (စာ ၄၈)

ဟု ဖော်ပြထားပါသည်။

တောင်ဘက်မင်းကြီး၊ မြောက်ဘက်မင်းကြီး၊ အနောက်ဘက်မင်းကြီးတို့၏ ရာထူးကို မြောက်ဦးခေတ် အုပ်ချုပ်ရေးကျမ်းတွင် တွေ့ရပါသည်။

ရွှေစာဖတ်ရာထူးကို ရခိုင်ဇာတိဝံသမော်ကွန်းစာတွင် -

အရှင်မင်းမြတ်အလိုရှိသည် ကာလမှူးကြီးမတ်ခေါင်သေနာပတိတို့နှင့် ခြံရံလျက် ရှေ့တော်ဝယ် ရွှေစာဖတ်လေသောကြောင့် ရွှေစာဖတ်အမည်ကို ခံရလေသည်။

(စာ ၁၃၉)

ဟု ရှင်းလင်းဖော်ပြရေးသားထားပါသည်။

ထို့ပြင်အတွင်းကိုယ်တော်ရံ၊ အပြင်ကိုယ်တော်ရံနောက်တော်ပါ၊ ပြည်တိုင်၊ မဲဆိုးရာဇာ၊ စဖိုသည်၊ ပန်းကျားသည်၊ လက်တော်ရှိ၊ လမျည်း(လမိုင်း)၊ မထိမ်း၊ပေါက်ထိမ်း၊ မင်းကိုယ်လုပ်၊ ကိုယ်လုပ်တော်၊

လက်အောက်ခံမြို့စားနယ်စားများ၊ ကျွန်းအုပ်၊ ကျွန်းစားများ၊ ချောင်းအုပ်၊ ချောင်းစားများ ရာထူးတို့ကို လည်း ဖော်ပြထားပါသည်။

တစ်ဖန် မြောက်ဦးခေတ် ရွှေနန်းတော်၏ ညီလာခံသဘင်တွင် ဘုရင်၏ မိဖုရားတို့ကလည်း တက်ရောက်ကြရသည်။ မိဖုရားတို့သည် အုပ်ချုပ်ရေးတွင်သင့်တင့်သော အရေးပါမှုရှိကြသည်။ ရခိုင် ရာဇဝင်တို့တွင် များသောအားဖြင့် တောင်မိဖုရား၊ မြောက်မိဖုရား၊ အလယ်မိဖုရား၊ တန်ဆောင် မိဖုရား ဟူ၍ မိဖုရား ၄ ပါး၏ရာထူးကို တွေ့ရသည်။

## ၄၊ ၂။ စစ်ဘက်ဆိုင်ရာ ရာထူးဌာနန္တရဝေါဟာရများ

မြောက်ဦးဘုရင်တို့၏ ဗဟိုအုပ်ချုပ်ရေးတွင် နောက်ထပ်အရေးပါသော မင်းမှုထမ်းရာထူး တစ်ခုမှာ စစ်ဘက်ဆိုင်ရာအမှုထမ်းများဖြစ်ကြသည်။

စစ်ဘက်ဆိုင်ရာ ရာထူးများနှင့်ပတ်သက်၍ ရခိုင်မဟာရာဇဝင်ကြီးကျမ်းတွင် -

> ကျောက်စာများတွင်တွေ့ရသော 'ဗုန္ဒတ်လက်ယာပုံချီ' ရာထူးမှာ စစ်ဘက်ဆိုင်ရာ အဆင့်မြင့်ရာထူးဖြစ်သည်။ စစ်သူကြီးဖြစ်သည့်အပြင် စစ်တပ်ကိုအုပ်ချုပ်ရသော 'စစ်ကဲကြီး' ရာထူးလည်းရှိသည်။ (စာ ၃၇၈)

ဟူ၍ တွေ့ရပါသည်။

မြောက်ဦးနန်းတော်ညီလာခံသဘင်သို့တက်ရသော စစ်ဘက်ဆိုင်ရာရာထူးတို့ကို မင်းရာဇာကြီး စာတမ်းနှင့် ရခိုင်ကျောက်စာတို့တွင် တွေ့ရပါသည်။ စစ်ဘက်ဆိုင်ရာ ရာထူးတို့ကို မြောက်ဦးခေတ် အုပ်ချုပ်ရေးကျမ်းတွင် စုစည်း၍ဖော်ပြထားသည်မှာ -

> စစ်ဘက်ဆိုင်ရာ ရာထူးကြီးများအနက် စစ်သေနာပတိ၊ ဗုန္ဒတ်၊ မုနံ ဗုန္ဒာကြီး၊ ကုလား အတွင်း စစ်ချီ၊ လောသကွပ်ဦးစီးဟူသော ရာထူးများကိုတွေ့ရသည်။ ဗုန္ဒတ်ဟူသော ရာထူးကို ဗုန္ဒတ်စစ်သူကြီး၊ ဗုန္ဒတ်လေးကိုင်၊ ဗုန္ဒတ်လကျ်ာပုံချီ၊ ရှိတင်ဗုန္ဒတ်၊ အဇိခံဗုန္ဒတ်၊ တောင်ဗုန္ဒတ်၊ မြောက်ဦး ရှေ့တင်ဗုန္ဒတ်၊ သံထောင်ရှေ့တင်ဗုန္ဒတ်၊ ရေဗုန္ဒတ်ဟူ၍ အမျိုးမျိုးတွေ့ရသည်။ ၎င်းပြင် ဤရာထူး၌ ကြည်းဗုန္ဒတ်နှင့် ရေဗုန္ဒတ်ဟူ၍ နှစ်မျိုးရှိသည်။ မြောက်ဦးမြို့တော် ညီလာခံသဘင်တွင် ကြည်းဗုန္ဒတ် ငါးဦးနှင့် ရေဗုန္ဒတ်လေးဦးတို့ တက်ရောက် ကြရကြောင်း တွေ့ရှိပါသည်။ (စာ ၇၅)

ဟူ၍ ဖြစ်ပါသည်။

ဗုန္ဒတ်ရာထူးအဓိပ္ပာယ်ဖွင့်ဆိုသည်ကို ZAW LYNN AUNG (2015)၏ A STUDY OF MIN RAZARGRI SATAM တွင် -

> စစ်ဘက်ဆိုင်ရာအရာရှိ၊ ဗုန္ဒတ်ဟူသော စကားလုံးမှာ ဘင်္ဂလီအားဖြင့် အကြီးအကဲဟု အဓိပ္ပာယ်ရသည်။ (စာ ၈၇)

ဟူ၍ ဖော်ပြထားပါသည်။

ထို့ပြင်ရေဖုန္ဒတ်ရာထူးကို -ရေတပ်မှစစ်သူကြီး။ (စာ ၂၄၃)ဟုလည်းကောင်း၊ အဇ်ဗိခံရှေ့တန်းဖုန္ဒတ် ရာထူးကို - ရှေ့တန်းစစ်မျက်နှာမှ စစ်သူကြီး။ (စာ၂၄၃) ဟုလည်းကောင်း၊ အဇ်ဗိခံစစ်ကဲရာထူးကို စစ်တပ်မတော်ကို ကြီးကြပ်ကွပ်ကဲသူ။ (စာ ၂၄၃) ဟုလည်းကောင်း၊ တောင်ဖုန္ဒတ်ရာထူးကို -ကြေးတပ်မှ စစ်သူကြီး။ (စာ ၂၄၂) ဟုလည်းကောင်း ၊ကုလားအတွင်း စစ်ချီရာထူးကို-ကုလားပြည်အတွင်း စစ်ချီရသောစစ်သူကြီး။ (စာ ၂၄၂) ဟုလည်းကောင်း၊ လောသကွပ်ဦးစီးရာထူးကို - တပ်တော်ရာထူးထားရေးတွင်ဦးစီး ဦးဆောင်ပြုရသူ။(စာ ၂၄၂) ဟုလည်းကောင်း၊ မုဇုန္ဒာကြီးရာထူးကို -ဇုန္ဒတ်အောက်ရာထူးနိမ့်သူ။ (စာ ၂၄၃) ဟုလည်းကောင်း ဖွင့်ဆိုထားသည်။

မြောက်ဦးခေတ်တွင် ရခိုင်ဘုရင့်တပ်တော်၌ အမှုထမ်းစစ်သည်တို့ကို သူရဲ (သူရဲကောင်း)ဟု သတ်မှတ်ပြီး ရာထူးဌာနန္တရတို့ကို အမျိုးအစားအလိုက် ခွဲခြားခေါ်ဝေါ်သည်ကို တွေ့ရသည်။ မင်းရာဇာကြီး စာတမ်းတွင် ကမန်လေးကိုင်သူရဲ၊ ဓားကိုင်လုံ့စွဲသူရဲ၊ ကာစွဲဒိုင်းကိုင်သူရဲ၊ ဒိုင်းလွှားစွဲသူရဲ၊ ဒိုင်းလွှားသူရဲ၊ သက်သူရဲ၊ ဒိုင်းနက်သူရဲ၊ ကမ်းယံသူရဲ ဟူ၍ သူရဲရာထူးအခေါ်အဝေါ် များကိုတွေ့ရပါသည်။

## ၄၊ ၃။ အခြားဌာနဆိုင်ရာ ရာထူးဌာနန္တရ ဝေါဟာရများ

ရခိုင်မဟာရာဇဝင်ကြီးကျမ်းတွင် မင်းမှုထမ်း ရာထူးဌာနန္တရများဖြစ်ကြသော မောလိပ်၊ မိန်းမစိုးမောလိပ်၊ အနောက်ဝန်မိန်းမစိုး၊ မော်လိပ် တို့ကို တွေ့ရသည်။

မြောက်ဦးခေတ်အုပ်ချုပ်ရေးကျမ်းတွင် "မောလိပ်" ကို "မိန်းမစိုး" ဟု ဖွင့်ဆိုထားပြီး "မော်လိပ်" ကို "မီးသတ်အရာရှိ" ဟု ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။

ရခိုင်မဟာရာဇဝင်ကြီးကျမ်းတွင် ရာမလူး၊ သံထားရာ၊ စစ်သံမှူး၊ မင်းသံလွှတ် စသည့်ရာထူးတို့ကိုလည်း တွေ့ရပါသည်။

ရာမလူးရာထူးကို ZAW LYNN AUNG (2015)၏ A STUDY OF MIN RAZARGRI SATAM တွင် -

> ဘုရင်က နိုင်ငံခြားသားများနှင့် တွေ့ဆုံသောအခါ သာသာပြန်ဆိုသောအမှုကို ဆောင်ရွက်ပေးရသော ပေါ်တူဂီဘာသာပြန်အရာရှိ။ (စာ ၁၂၃)

ဟု ဖော်ပြထားပါသည်။

ထို့ပြင် ဒိုးဝန်း၊ ဒိုးဝန်းကြီးရာထူးကို ရခိုင်မဟာရာဇဝင်ကြီးကျမ်းတွင် -

> ဒိုးဝန်း၊ ဒိုးဝန်းကြီး ရာထူးတို့မှာ ပြစ်မှုကျူးလွန်သော ရာဇဝတ်သားများကို ဖမ်းဆီးရသော ပုဂ္ဂိုလ်ဖြစ်သည်။ (စာ ၃၈၀)

ဟုဖော်ပြထားပါသည်။ "ဒေးဝန်း" ဟူ၍လည်းခေါ်သည်။

မြောက်ဦးခေတ်တွင် "သူငယ်တော်" ရာထူးသည် ညီလာခံတက်ရောက်ရသူဖြစ်ပြီး အနုပညာကို တာဝန် ယူရသော အမတ်ရာထူးတစ်ခုလည်းဖြစ်ကြောင်းသိရပါသည်။

တစ်ဖန်မြောက်ဦးခေတ်တွင် သာမန်ပြည်သူလက်လုပ်လက်စားကို အသည်သား ဟု ခေါ်ကြောင်း၊ အခွန်ပေးရာတွင် အသည်သားအမှုထမ်းဟုသတ်မှတ်သည်။

ဟာရီအစို့ကို ရခိုင်ဇာတိဝံသမော်ကွန်းစာတွင် -

"လူ့အညစ်အကြေးများ သုတ်သင်ရှင်းလင်းရသော အစု" (စာ ၁၃၇)

ဟု ဖွင့်ဆိုထားပါသည်။

ထို့ပြင် သာသနာရေးနှင့်ပတ်သက်၍လည်း အမြင့်ဆုံးရာထူး သာသနာပိုင်ကို "သံဃရာဇာ၊ ဝိနည်းမိုရ်" ဟုခေါ်ဆိုကြောင်း တွေ့ရပါသည်။ ရခိုင်မဟာရာဇဝင်တော်ကြီးကျမ်းတွင် -

ဘာသာရေးနှင့်ပတ်သက်၍ 'သံဃရာဇာ'၊ 'ဝိနည်းမိုရ်'၊ လောကီရေး နှင့်ပတ်သက်၍ ဘုရင့်အား အကြံဉာဏ်ပေးရသည့် ဟူရားတတ်၊ သိုက်တတ်၊ ရှေ့တော်ဆက်၊ ဟူးရားကြီး၊ ဟူးရားဆွေစသည့် လောကီပညာဆိုင်ရာ ရာထူးများလည်းရှိသည်။ (စာ ၃၈၀)

ဟူ၍လည်း ရေးသားဖော်ပြထားပါသည်။

မြောက်ဦးခေတ်တွင် တရားသူကြီးအချုပ်ကို နန္ဒာစူးထိုး၊ အမတ်ကြီး ဆတ္တာခတ် ဟုခေါ်ကြောင်း မြောက်ဦးခေတ် အုပ်ချုပ်ရေးကျမ်းတွင် တွေ့ရသည်။

မြောက်ဦးခေတ် ဗဟိုအုပ်ချုပ်ရေးတွင် အရေးပါသော မင်းမှုထမ်းနောက်တစ်မျိုးမှာ ပုဏ္ဏားများ ဖြစ်ကြသည်။ ပုဏ္ဏားများသည် မင်း၏ဘိသိက်ခံ အခမ်းအနားတွင်လည်းကောင်း၊ ပရိတ်ရွတ်ခြင်းကို လည်းကောင်း ဆောင်ရွက်ကြရသည်။ ဂြိုဟ်သွားဂြိုဟ်လာ တာရာနက္ခတ်များကိုလည်း အမြဲမပြတ် စောင့်ကြည့်လေ့လာပြီး ပြည့်ရှင်မင်းထံသို့ တင်ပြလျှောက်ထားကြရသည်။ ဗေဒင်၊ နက္ခတ်၊ ယတြာတို့မှာ မင်းတို့အသုံးပြုသဖြင့် အုပ်ချုပ်ရေးတွင် ပုဏ္ဏားများသည်လည်း အရေးပါသည်။

မြောက်ဦးခေတ်တွင် တွေ့ရသော ပုဏ္ဏားတို့၏ ရာထူးများမှာ "ဘိသိက်တော်ဆက် မင်္ဂလာပုဏ္ဏား၊ သာသနာပိုင်ဝိနည်းမိုရ် ပုရောဟိတ်ပုဏ္ဏား၊ ပရိတ်ရွတ်ပုဏ္ဏား၊ နတ်ပူဇော်သောပုဏ္ဏား၊ စောင်းတီး ပုဏ္ဏား၊ စကြဝတေးပုဏ္ဏား၊ပန်းတင်ပုဏ္ဏား၊ ဟူးရားတတ်ပုဏ္ဏား၊ ဗေဒင်တတ်ပုဏ္ဏား၊ ဂဏန်းနက္ခတ်တတ် ပုဏ္ဏား" များ ဖြစ်ပါသည်။

မင်းရာဇာကြီး၏ အမိန့်တော်ပြန်တမ်း ပေ (ဂ-ကျော)တွင် -

ဘိသိက်တော်ဆက်ဗြဟ္မဏမျိုးဖြစ်လျက်။ စောင်တီ။ ပန့်တင်ဟူရာနတ် ပူဇော်ပုဏ္ဏား တို့နှင့် ရောနှောပြုကျင့်သည့် ပုဏ္ဏားတို့ကို ဟလျာအစုမှာဖြည့်" (ကြောင်းရေ ၆-၇)

ဟုဖော်ပြထားရာ "ဘိသိက်တော်ဆက်ပုဏ္ဏား၊ စောင်းတီးပုဏ္ဏား၊ ပန်းတင်ပုဏ္ဏား" ဟူသော ရာထူး တို့ကို တွေ့ရပါသည်။ထို့ပြင်ပရိတ်ရွတ်ပုဏ္ဏား၊ ဟူးရားတတ်ပုဏ္ဏား ရာထူးတို့ကိုလည်း တွေ့ ရပါသည်။

တစ်ဖန် မင်းရာဇာကြီးစာတမ်းတွင်လူတန်းစားအလိုက် နေထိုင်သောနေရာအရပ်တို့ကို "အစို့၊ အစု"ဟူ၍ သတ်မှတ်ခေါ်ဝေါ်သည်ကို တွေ့ရပါသည်။ "သူသတ်ဗရဝါအစို့၊ဟာရီအစို့၊သင်္ချိုအစု၊ မြက်ရိတ် အစို့၊ အသည်သားအစု၊ ဆင်ထိန်းမြင်းထိန်းအစု၊ လမိုင်းအစု(လမိုင်းသား)ဟူ၍ တွေ့ရပါသည်။

မြောက်ဦးခေတ်တွင် ကုန်သွယ်ရေး လုပ်ငန်းသည် အရေးပါသော စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ဒုတိယမြောက်ဦးခေတ်တွင် ပြည်တွင်း ကုန်သွယ်ရေးသည် မြောက်ဦးနေပြည်တော်ကို ဗဟိုပြုပြီး ထွန်းကားခဲ့သည်။ ပြည်ပကုန်သွယ်ရေးတွင် ဒတ်ချ်တို့နှင့် အများဆုံးကုန်သွယ်ရောင်းဝယ်ခဲ့သည်။ ရခိုင်ဘုရင်တို့သည် ကုန်သွယ်ရောင်းဝယ်ရေးအတွက် ရွှေမျဉ်းဓမ္မသတ် ကျမ်းတွင် ဖော်ပြထားသည့် အခြေခံမူများကို လိုက်နာပြီး ဆောင်ရွက်ခဲ့ကြသည်။ ဦးသာထွန်းအောင်(၁၂၈၈)၏ "ရခိုင်မဟာရာဇဝင်တော်ကြီး" ကျမ်းအရ ရခိုင်ဘုရင်သည် ဆန်စပါးနှင့်ဝါဂွမ်းရောင်းဝယ်ရေးကို "လွှတ်တော်ပိုင်ဗားဘူစာရပြည်စိုးကြီး" ထံလွှဲအပ်ထားသည်။ ပြည်စိုးကြီးသည် ဘုရင့်ကိုယ်စား ဆန်စပါး၊ ဝါဂွမ်းစိုက်ပျိုးရေး၊ ရောင်းချရေး၊ ဈေးနှုန်းသတ်မှတ်ရေး၊ ရောင်းရငွေများကို ဘဏ္ဍာတိုက်အသီးသီးသို့ ခွဲဝေပေးသွင်းရေး၊ ရောင်းချသော စပါးနှင့်ဝါဂွမ်းတို့၏ တန်ဖိုးငွေကို ပြည်သူများထံသို့ ခွဲဝေပေးရေးတာဝန်များကို ဆောင်ရွက်ပေးရသည်။

ဗားဘူစာရပြည်စိုးကြီး၏အောက်တွင် ခရိုင်မင်း၊ အချုပ်လုကြီး၊ရေတံခါးမင်းကြီး၊ သဘော်ာစာကိုင်၊ ရပ်ကွက်စာကိုင်၊ လယ်တော်လုပ်အလုပ်သမား၊ ဒိုင်းကျီအစို့သူကြီးနှင့် အစို့သားဟူ၍ အရာရှိမင်းမှုထမ်းအလုပ်သမားများရှိကြသည်။

ဤသို့ ရာထူးအဆင့်ဆင့်တာဝန်ထမ်းဆောင်ကြရပုံကို ဦးသာထွန်းအောင် (၁၂၈၈) ၏ ရခိုင်မဟာရဇဝင်တော်ကြီးကျမ်းတွင် -

> စပါးလယ်တော်လုပ်ဝါ ဂွမ်းလယ်တော်လုပ်သမားတို့နှင့်။ ဆိုင်ရာခရိုင် မင်းနှင့်ရပ်ကွက်စာကိုင်များအား ဗားဘူစာရလုကြီးက ရွှေမျဉ်းဓမ္မသတ်တော်အတိုင်း တည်ကြည်စောင့်ရှောက်လျက် ဆောင်ရွက်ကြစေရန် အမိန့်အာဏာ ထုတ်ပြန်တော်မူလေသည်အတိုင်း။ အသီးသီး ခရိုင်မင်းနှင့်တကွ။ ရပ်ကွက် စာကိုင်တို့သည်မိမိတို့ ထိန်းအုပ်ရှိသောရပ်ရွာတို့၌လူများတို့အား စရိတ်ကြေးငွေတို့ ထည့်လယ်တော်လုပ်ကိုင်ရာ၌ ကျကုန်ခြင်းကို စိစစ်မေးမြန်းလျက်စာရင်း ပြုလုပ်၍ ခရိုင်မင်းနှင့်တကွ အချုပ်လုကြီး၊ ရပ်ကွက်စာကိုင်က တင်သွင်းရလေသည်။ (စာ ၅၈-၅၉)

ဟုဖော်ပြထားပါသည်။

မင်းရာဇာကြီးစာတမ်း ပေ(ကူ-ဝမ်း)တွင် -

> ပိုက်သည်၊ လွှတိုက်၊ ဘောင်ခတ်၊ ရက်ကန်းသည်၊ ရေခပ်၊ ငရပ် ကြက်သွန်ဆက်ဟူသည့်ရာထူးတို့ကိုလည်း တွေ့ရသည်။

## ခြုံငုံသုံးသပ်ချက်

ရခိုင်ဘုရင်တို့သည် မဏ္ဍလ (ခေါ်) ဘုရင်အုပ်ချုပ်ရေးကို ကျင့်သုံးကြပြီး အုပ်ချုပ်ရေး၏ အဓိက မဏ္ဍိုင်ကို ဘုရင်က ချုပ်ကိုင်ထားသည်။ ဘုရင်၏လက်အောက်တွင် အိမ်ရှေ့မင်းနှင့် အမတ်ကြီးလေးပါး တို့ရှိသည်။ အမတ်ကြီးလေးပါး၏အောက်တွင် ဝင်းဟုန်လေးရပ်ရှိသည်။ ဝင်းဟုန်လေးရပ်၏ လက်အောက်တွင် အုပ်ချုပ်ရေး ဌာနအသီးသီးတို့ရှိကြသည်။ မိဖုရားရာထူးတို့သည်လည်း အုပ်ချုပ်ရေး တွင်အရေးပါကြောင်းတွေ့ရသည်။ စစ်ဘက်ဆိုင်ရာ ရာထူးများတွင် ဇုန္ဒာတ်လက်ယာပုံချီ ရာထူးသည် အမြင့်ဆုံးဖြစ်ပြီး ၎င်း၏လက်အောက်တွင် ရာထူးအဆင့်ဆင့်ရှိသည်။ ထို့ပြင်ပုဏ္ဏားတို့၏ ရာထူးများ၊ သာသနာရေးရာထူးများ၊ ကုန်သွယ်ရေးရာထူးများနှင့် အခြားဌာနဆိုင်ရာ ရာထူးများကိုလည်း တွေ့ရ ပါသည်။

ဒုတိယမြောက်ဦးခေတ် ရခိုင်ဘုရင်များလက်ထက်ကာလသည် နိုင်ငံရေး ၊စစ်ရေး ၊စီးပွားရေး အထွဋ်အထိပ် ရောက်ခဲ့သောခေတ်ဖြစ်ရာ မြောက်ဦးနေပြည်တော်၏ ဗဟိုချုပ်ကိုင်မှုအောက်တွင် တရားဥပဒေ စိုးမိုးသော၊ လုံခြုံသော၊ ကျယ်ပြန့်သော အုပ်ချုပ်ရေးစနစ်ရှိခဲ့သည်။ ထို့ကြောင့် အုပ်ချုပ်ရေး ကဏ္ဍများ၊ ဌာနများစုံလင်သော ရာထူးဌာနန္တရဆိုင်ရာ ဝေါဟာရတို့ရှိနေရခြင်း ဖြစ်ပါသည်။

## နိဂုံး

မြောက်ဦးခေတ် ရခိုင်မင်းနိုင်ငံသည် မဏ္ဍလဟုခေါ်သော အုပ်ချုပ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု ဗဟိုတစ်ခုရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။ ဘုရင်၏ ဗဟိုအုပ်ချုပ်မှုအောက်တွင် ကျယ်ပြန့်သော အုပ်ချုပ်ရေးရှိပြီး နယ်ပယ်ကဏ္ဍအသီးသီးအတွက် ရာထူးအသီးသီးကို စနစ်တကျခန့်အပ်ထား၍ တာဝန် ပေးအုပ်ချုပ်ခဲ့သည်။

ဒုတိယမြောက်ဦးခေတ်ရခိုင်ဘုရင်တို့သည်မဂိုအင်ပါယာအထိ ဩဇာအာဏာဖြန့်ကျက်ထားသည် ဖြစ်၍ ထိုဒေသနှင့်ဆက်နွယ်နေသည့် ရာထူးဌာနန္တရအမျိုးအစားတို့ကိုပါ ခန့်အပ်ထားကြောင်း တွေ့ရပါသည်။ ထို့ကြောင့် နယ်ပယ်အသီးသီးမှ ရာထူးတို့ကို တွေ့ရခြင်းဖြစ်ပါသည်။

ဤစာတမ်းတွင် ဖော်ပြထားသော ရာထူးဌာနန္တရဆိုင်ရာဝေါဟာရတို့သည် ရခိုင်ဘုရင်များ လက်ထက် အုပ်ချုပ်ရေး၏ အဓိကအရေးပါသော ရာထူးဌာနန္တရများ ဖြစ်ကြပါသည်။ ဤရာထူး ဌာနန္တရများလက်အောက်တွင် လက်အောက်ငယ်သားများ၏ ရာထူးအဆင့်ဆင့် များစွာရှိနေသေးသည်။

ဤစာတမ်းတွင် လေ့လာတင်ပြထားသော ရခိုင်ဘုရင်များလက်ထက် အုပ်ချုပ်ရေးယန္တရား အောက်တွင်ရှိသည့် ရာထူးဌာနန္တရတို့မှာ ပြီးပြည့်စုံပြီဟုမဆိုနိုင်သေးပါ။ ထပ်မံဖြည့်စွက်ရမည့် ရာထူး ဌာနန္တရများလည်း ရှိနိုင်ပါသေးသည်။ နောက်နောင်တွေ့ရှိပါက ဤစာတမ်းတွင် ဆက်လက်ဖြည့်စွက် ဖော်ပြရန်ရည်ရွယ်ပါသည်။ ဤရာထူးဌာနန္တရ ဝေါဟာရတို့ကိုမြန်မာစာ(ဘာသာစကား) ရှုထောင့်မှလည်း ဆက်လက်သုတေသနပြုနိုင်သည်ဟု တွေးမြင်မိပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ကျိန်းကျွန်းသား ။ ***ရှေးဟောင်းရခိုင်ပြည်အုပ်ချုပ်ရေးစနစ်*** ၊ ရခိုင်မဂ္ဂဇင်း ၊ အမှတ်(၃ )။ ၁၉၉၆ ။

ခင်သန်း၊ **မ**။ (၂၀၁၉)။ ***မြောက်ဦးခေတ်အုပ်ချုပ်ရေး (အေဒီ ၁၄၃၀-၁၆၃၈)***။ ရန်ကုန်၊ ရခိုင်သားကြီး စာပေ။

စက္ကိန္ဒ၊ **အသျှင်**။ ***ရခိုင်ဇာတိဝံသမော်ကွန်းစာ***။ ရခိုင်တန်ဆောင်မဂ္ဂဇင်း။ ရန်ကုန်၊ ရခိုင်စာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီ၊ (၁၉၇၃-၇၄)၊ အမှတ်-၁၃။

စက္ကိန္ဒ၊ **အသျှင်**။ မင်းဘာဘုရင်မင်းမြတ်အမိန့်တော်ပြန်တမ်း (၁၃)ရပ်။ ***ရခိုင်ယဉ်ကျေးမှုများ-၁၀***၊ ရန်ကုန်၊ ရခိုင်သားကြီးစာပေ၊ ၂၀၁၇။

စန္ဒမာလာလင်္ကာရ၊ **ရှင်**၊ ရမ်းဗြဲတောင်ကျောင်းဆရာတော်။ (၂၀၁၄)။ ***ရခိုင်ရာဇဝင်သစ်ကျမ်း***၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

တက်ထွန်းနီ။ ***မြောက်ဦးခေတ်ညီလာခံသဘင်***၊ မြောက်ဦးမဂ္ဂဇင်း။ ရန်ကုန်၊ မြောက်ဦးမြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ၁၉၉၆။

တင်လှ၊ **ဦး**(တည်းဖြတ်သူ)။ (၁၉၇၀)။ ***မြန်မာမင်းများအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရားကြီး၏ ရာဇသတ်ခေါ် အမိန့်တော်ကျမ်းကြီး*** (ဒုတိယပိုင်း)။ ရန်ကုန်၊ ဗဟိုပုံနှိပ်တိုက်။

ထွန်းရွှေခိုင်(**မဟာဝိဇ္ဇာ**)။ (၂၀၁၃)။ ***ရခိုင်မဟာရာဇဝင်ကြီး***၊ ရန်ကုန်၊ နဝရူပစာပေ။

***မင်းရာဇာကြီးစာတမ်း***၊ ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ပေ၊ တိုက်ပိုင်အမှတ်-၃၆၇၇၃၉။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်*** ။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ထုတ်ဝေသည်။

မောင်မောင်တင်၊ **ဦး**။ (၁၉၇၅)။ ***ရွှေနန်းသုံးဝေါဟာရအဘိဓာန်***။ ရန်ကုန်၊ ဗုဒ္ဓဘာသာအဖွဲ့ပုံနှိပ်တိုက်။

***ရခိုင်ရာဇဝင်ကြီး*** (ရန်ကုန်တက္ကသိုလ်များဗဟိုစာကြည့်တိုက်၊ တိုက်ပိုင်အမှတ်-၉၈၃၇) (ပေမူ)။

ရီရီ၊ **ဒေါက်တာ**။ (၁၉၇၄)။ ***သုတေသနအဘိဓာန်မှတ်စု***။ ရန်ကုန်၊ မြန်မာနိုင်ငံသုတေသနအသင်း။

သာထွန်းအောင်၊ **ဦး**။ (၁၉၂၆)။ ***ရခိုင်မဟာရာဇဝင်တော်ကြီး***၊ မြို့ဟောင်းမြို့၊ ရခိုင်ပြည်သတင်းစာ ပုံနှိပ်တိုက်။

သိန်းလှိုင်၊ **ဦး**။ (၂၀၁၁)။ ***ခေတ်ဟောင်းမြန်မာ့သမိုင်းသုတေသနအဘိဓာန်*** (တ-ကြိမ်)။ ရန်ကုန်၊ နေရီရီစာပေ။

ဟုတ်စိန်၊ ဦး။ (၁၉၅၄)။ ***ပါဠိ-မြန်မာအဘိဓာန်***။ ရန်ကုန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ စာပုံနှိပ်ရေးနှင့် စာရေးကိရိယာဌာန။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၁၈)။ ***သုတေသနဟူသည်***၊ ရန်ကုန်၊ ရှေ့ဝဏ်စာပေတိုက်။

အောင်လှသိန်း။ (၂၀၁၉)။ ***ရခိုင်သမိုင်းအဘိဓာန်အကျဉ်း***၊ ရန်ကုန်၊ ကောင်းစံပုံနှိပ်တိုက်။

ဦးသာထွန်း၊ **ဦး** ။ ကျော်ထွန်းအောင် ၊ **ဦး** ။ (၂၀၁၇) ။ ***ရခိုင်ကျောက်စာပေါင်းချုပ်*** ။ ရန်ကုန်၊ ဦးသန်းထွန်း ပုံနှိပ်တိုက်။

## အင်္ဂလိပ်ဘာသာ

ZAW LYNN AUNG. (2015). ***A STUDY OF MIN RAZAGRI SATAM***, Ph.D. DISSERTATION, Department of History University of Yangon.